၄၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရုံးခွန်တံဆိပ်ခေါင်း
၁၅၀ကျပ် K 150

တရားပုံစံအမှတ်- ၆၂

စီရင်ချက်ပုံစံ

# အမရပူရ မြို့နယ် တ ရား မ ရုံး ဌာ

၂၀၁၄-ခုနှစ်၊ တရားမကြီးမှု အမှတ် - ၈၉
၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့

| | | |
|---|---|---|
| ၁။ ဦးခင်မောင်တင့် | နှင့် | ၁။ မသီရိရွှေစင် |
| ၂။ ဒေါ်စန်းစန်းနွယ်(ခ) | | ၂။ ကိုနေရီလင်း |
| ဒေါ်မော်စု | | ၃။ မထိုက်ရွှေစင် |
| | | ၄။ မနှင်းရွှေစင် |
| | | ၅။ မမြတ်မိုးရွှေစင် |
| (တရားလိုများ) | | (တရားပြိုင်များ) |

| | | | |
|---|---|---|---|
| တရားလိုအတွက် | - | ဦးခင်မောင်ဦး | - တရားလွှတ်တော်ရှေ့နေ |
| တရားပြိုင်အတွက် | - | ဦးခင်မောင်မြင့် | - တရားလွှတ်တော်ရှေ့နေ |

## စီ ရင် ချက်

စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်နေ ဦးခင်မောင်တင့်ပါ ၂ ဦးက အမရပူရမြို့ တရုပ်တန်းနေ မသီရိရွှေစင်ပါ ၅-ဦးအပေါ် တရားလိုများပိုင် ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဆင်တူရိုးမှား တုပ ပြုလုပ်သည့် တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်အား ဖျက်ဆီးစေပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူး ရောင်းချမှု မပြုလုပ်ရန်အတွက် ထဝရ တားဝရမ်းနှင့် နစ်နာကြေးငွေ ရလိုကြောင်း အဆိုလွှာ တင်သွင်းမှု ဖြစ်သည်။

အဆိုလွှာတွင် မိမိတို့မှာ ရွှေလွန်းအိမ် ပိုးထည်တိုက် ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ၁၉၈၇ ခုနှစ်ကတည်းက စစ်ကိုင်းမြို့တွင် ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်းရာကျော်ချိတ် အမျိုးမျိုးတို့ကို မိမိတို့ ယက္ကန်းလုပ်ငန်းမှ ကိုယ်တိုင် ထုတ်လုပ်ပြီး မြန်မာပြည်အနှံ့ ထုတ်လုပ် ဖြန့်ချိရာ၌ အများပြည်သူ နှစ်ချိုက်စွာဖြင့် အသုံးပြုခဲ့ကြောင်း ၁၉၈၇ ခုနှစ်မှ ယနေ့ထိ စဉ်ဆက်မပြတ် သုံးစွဲခဲ့ပြီး လုပ်ငန်းလိုင်စဉ်အား စစ်ကိုင်းမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၄/၂၀၁၁ အား မစန်းစန်းနွယ် အမည်ဖြင့်လည်းကောင်း မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် ၁၆၄၈/၂၀၁၁ အား ဦးခင်မောင်တင့် အမည်ဖြင့်လည်းကောင်း အသီးသီး မှတ်ပုံတင်ခဲ့ကြောင်း ကုန်အမှတ်တံဆိပ် ပုံသဏ္ဌာန်မှာ တံဆိပ်အောက်ခံကို အညိုရောင်ထားပြီး တံဆိပ် ဘယ်ဖက်ထိပ်တွင် လွမ်းအိမ်ပုံကို ဖော်ပြထားကြောင်း ၎င်း၏ဘေးတွင် အဖြူရောင် မြန်မာစာလုံးဖြင့် စစ်ကိုင်းဟု ဖော်ပြထားကြောင်း ၎င်း၏အောက်တွင် အဖြူရောင်စာလုံး ပိုးထည်တိုက် (ပင်ရင်း)ဟု ဖော်ပြထားပြီး အောက်ဖက်တွင် ပွဲတက်ဝတ်စုံ ချိတ်အမျိုးမျိုး ပွဲတက်ကျားဝတ်ပုဆိုး အမျိုးမျိုး ပိုးစစ်ချိတ် ပိုးဖဲချိတ် ပိုးယုံချိတ် လက်လီ လက်ကား အရောင်းဆိုင်ဟု ဖော်ပြထားကြောင်း အောက်တွင် အဖြူရောင်စာလုံး ကိုခင်မောင်တင့်+ မမော်စု နှင့် အောက်တွင် လွန်းရာကျော် ပိုးစစ်အချိတ်ဟု ဖော်ပြထားကြောင်း ဖြန့်ချိရာ နေရာအဖြစ် နန်းဦးမြို့သစ်အရှေ့ပိုင်း ဆင်များရှင်ဘုရားမြောက်ဖက် ပန်းဘဲတန်းရပ် စစ်ကိုင်းမြို့ဟု ထည့်သွင်းချုပ်ပြီး မြန်မာနိုင်ငံတဝှမ်းလုံးသို့ စဉ်ဆက်မပြတ် ဖြန့်ဖြူးရောင်းချ၍ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လူအများ

မြင်သာ သိသာသည့်နေရာတွင် ကြော်ငြာ ဆိုင်းဘုတ် စိုက်ထူ၍ အများပြည်သူ သိစေရန် ကြေငြာခဲ့ကြောင်း မိမိတို့၏ ကုန်အမှတ်တံဆိပ် အမည် အမှတ်အသားကို အများပြည်သူက မှားယွင်း အသုံးပြုနိုင်လောက်အောင် ဆင်တူယိုးမှားပြုလုပ်ထားသည့် ရွှေလွန်းအိမ် ပိုးထည် (အမရပူရ) ကုန်အမှတ်တံဆိပ် အမည်ဖြင့် စာသား ပုံစံတို့ကို တုပပြုလုပ်ပြီး ၂၀၁၂ ခုနှစ်မှစ၍ စစ်ကိုင်းမြို့အပါ အဝင် အခြားမြို့များသို့ ဖြန့်ဖြူးရောင်းချနေကြောင်း သိရရာ မိမိတို့ဖောက်သည်များက ထိုကုန်အမှတ် တံဆိပ်ဖြင့် ဆိုင်ခွဲ ဖွင့်လှစ်ခြင်း ရှိမရှိ မေးမြန်းရာမှ ထိုသို့ တုပ ထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချ နေသည်ဟု သိရကြောင်း မိမိတို့က ၁၅-၉-၂၀၁၄ ရက်စွဲပါ နို့တစ်စာဖြင့် ထိုကဲ့သို့ ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို တိုက်ရိုက်တုပပြီး ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် ထုတ်လုပ်ပြီးပစ္စည်းများကို ဖျက်ဆီးပစ်ကာ ဆက်လက် မလုပ်ကိုင်ရန် တရားပြိုင်များထံ အကြောင်းကြားထားသော်လည်း ဆက်လက် ဖောက်ဖျက်လျက်ရှိကြောင်း ထိုသို့တရားပြိုင်များက တုပပြုလုပ်ပြီး စျေးလျှော့ ရောင်းချခြင်း ကြောင့် မိမိတို့၏ နာမည်ကျော်ကြားသော ပိုးထည်များနှင့် ပိုးစစ်လွန်းရာကျော်ချိတ်များ၏ ထုတ်လုပ်ဖြန့် ဖြူးမှု လျော့ကျသွားခဲ့ကြောင်း သို့အတွက် တရားလိုများ၏ စီးပွါးရေးနှင့် နာမည်ကောင်းအမှတ်အသား ကို လျော်ကြေးဖြင့် ပေးချေ မရနိုင်အောင် ထိခိုက်နစ်နာ ဆုံးရှုံးသဖြင့် ၁၅-၉-၂၀၁၄ နေ့နှင့် နောက်ပိုင်းမှစ၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်း ထိုသို့ တုပ စျေးလျှော့ရောင်းချသဖြင့် မိမိတို့တွင် ရောင်းအားကျဆင်းခြင်း စျေးကွက်ပျက်ပြားခြင်း နစ်နာမှုအရပ်ရပ်အတွက် သိန်း(၁၀၀) နစ်နာကြေး ရထိုက်ကြောင်းများ ဖော်ပြထားသည်။

တရားပြိုင်များက ချေလွှာတင်ရာတွင် အဆိုလွှာ အပိုဒ်(၁)(၂)(၃)ပါ စကားရပ်များသည် မှန်ကန်မှုရှိမရှိ သက်သေပြရန် တရားလိုများတွင် တာဝန်ရှိကြောင်း မိမိတို့မှာ ၁၉၈၅ ခုနှစ်မှစ၍ ယက္ကန်းလုပ်ငန်း ပိုးထည်လုပ်ငန်း အမျိုးသမီးဝတ် အမျိုးသားဝတ်တို့ကို မထိုက်ရွှေစင်မှ ဒီဇိုင်းအမျိုးမျိုး ဖြင့် ရွှေလွန်းအိမ် ကုန်အမှတ်တံဆိပ်ကို အသုံးပြုပြီး ယင်းတံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လူသိများ လူကြိုက်များ ထင်ရှားလာသောကြောင့် မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၃-၉-၂၀၁၀ ရက်စွဲဖြင့် မှတ်ပုံတင်စာချုပ် နံပါတ် ၅၅၁/၂၀၁၀ ဖြင့်လည်းကောင်း အင်္ဂလိပ်စာတမ်း အမှတ်အသား တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ် ၂၄၅၃/၂၀၁၂ဖြင့်လည်းကောင်း ကုန်အမှတ် တံဆိပ်များကို တရားဝင် မှတ်ပုံတင်ထားပြီးဖြစ်ကြောင်း ကုန်အမှတ်တံဆိပ်ကို ထုတ်ပိုးထားသည့် အိပ်ခွံများ အောက်တွင် ရွှေလွန်းအိမ်ဟု ဖော်ပြပြီး ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ထက်ထက်မိုးဦး၏ ပုံ ပါရှိပြီး မြန်မာနိုင်ငံတဝှမ်းလုံးတွင် မိမိတို့က တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း ယင်းတံဆိပ်အား အသုံးပြု၍ ရန်ကုန် ဖြန့်ချိရေးဆိုင်ကို (၁၁-အီး) ကန်ရိပ်သာလမ်း မရမ်းကုန်းတွင် ဆိုင်ဖွင့် ရောင်းချလျက်ရှိကြောင်း မိမိတို့ တရားဝင်မှတ်ပုံတင်ထားသည့် တံဆိပ်ကိုသာ အမှန်အကန် အသုံးပြုခြင်းသာဖြစ်ပြီး တရားလိုတို့၏ ကုန်အမှတ်တံဆိပ်ကို မတရားရယူတုပခြင်း မဟုတ်ဘဲ မိမိတို့၏ တရားဝင် သမာအာဇီဝကျသော လုပ်ငန်းဖြစ်သဖြင့် တရားလိုတို့က တားမြစ်ခွင့်မရှိကြောင်း တရားလိုတို့ အကြောင်းကြားစာကို လိုက်နာမည် မဟုတ်ကြောင်း ပြန်ကြားခဲ့ပြီးဖြစ်ကြောင်း မိမိတို့ တရားဝင်မှတ်ပုံ တင်ထားသော တံဆိပ်ကို တရားဝင် အသုံးပြုခြင်းသာဖြစ်သဖြင့် တရားလိုများတွင် နစ်နာရန် အကြောင်း မရှိကြောင်း မိမိတို့ မန္တလေးမြို့မှတ်ပုံတင်ရုံးတွင် ယင်းအမှတ်တံဆိပ်ဖြင့် ၂၀၁၀ တွင် တရားဝင် မှတ်ပုံတင်ခြင်းဖြစ်ပြီး တရားလိုတို့ မှတ်ပုံတင်ခုနှစ်မှာ ၂၀၁၁ ဖြစ်သည်မှာ ပေါ်ပေါက်ကြောင်း မိမိတို့ ရွှေလွန်းအိမ် ပိုးထည်လုပ်ငန်းကို သတင်းစာတွင် ကြော်ငြာခဲ့ကြောင်း သို့ဖြစ်၍ တရားလိုတောင်းဆိုသော ထာဝရတားဝရမ်း နှင့် နစ်နာကြေးတို့သည် မမှန်ကန်၍ မရထိုက်ကြောင်းများ ဖော်ပြထားသည်။

နှစ်ဖက်အဆိုအချေများအရ အောက်ပါ ငြင်းချက်များကို ထုတ်ခဲ့သည်-

၁။ တရားပြိုင်တို့သည် တရားလိုတို့၏ ပိုးစစ်လွန်းရာကျော် ချိတ်လုံချည် ထုတ်လုပ်ရေး လုပ်ငန်းတွင် 'ရွှေလွန်းအိမ်' အမည်ဖြင့် ထုတ်လုပ်သော 'ရွှေလွန်းအိမ်' ပိုးထည် ကုန်အမှတ်တံဆိပ်ကို အများပြည်သူက မှားယွင်း အသုံးပြုနိုင်လောက်အောင် ဆင်တူရိုးမှား တုပ အတု ထုတ်လုပ် အသုံးပြုနေသည်မှာ မှန်သလား (သို့မဟုတ်)

မိတ္တူမှန်ကြောင်း မှတ်ချက်
၁၀.၁၁.၂၀၁၅
ရွှေဘောဆိုင်းဒေသကြီးတရားလွှတ်တော်

တရားပြိုင်တို့၏ 'ရွှေလွှန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်သည် တရားလိုတို့၏ ပိုးစစ် လွန်းရာကျော် ချိတ်လုပ်ငန်း 'ရွှေလွှန်းအိမ်' ပိုးထည် ကုန်အမှတ်တံဆိပ်နှင့် ကွဲပြားခြားနားသည်ဆိုသည်မှာ မှန်သလား

၃။ တရားပြိုင်တို့သည် 'ရွှေလွှန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်ကို တရားလိုများ၏ မှတ်ပုံတင် ခုနှစ်ထက်စောပြီး တရားဝင် မှတ်ပုံတင်ခဲ့ခြင်း ဖြစ်သည်ဆိုသည်မှာ မှန်သလား

၄။ တရားပြိုင်တို့က တရားလိုတို့၏ 'ရွှေလွှန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ် တံဆိပ်ကို တုပ ထုတ်လုပ် အသုံးပြုနေသဖြင့် တရားလိုတို့၏ စီးပွါးရေးလုပ်ငန်း ထိခိုက်နစ်နာရသည်မှာ မှန်သလား

တရားလိုတို့သည် တရားပြိုင်များထံမှ ထာဝရ တားဝရမ်းနှင့် နစ်နာကြေးငွေ ရထိုက်ပါလား

၅။ တရားလိုတို့သည် မည်သည့် သက်သာခွင့် ရထိုက်ပါသနည်း

ငြင်းချက်အမှတ်(၁)

တရားလိုများက 'စစ်ကိုင်း ရွှေလွှန်းအိမ် ပိုးထည်တိုက် (ပင်ရင်း)' အမှတ်တံဆိပ်အား ၁၉၈၇ ခုနှစ်ကစ၍ ပိုးထည်အမျိုးမျိုးနှင့် ပိုးစစ်လွန်း ရာကျော်ချိတ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူး ရောင်းချကြောင်း တရားပြိုင်များက 'ရွှေလွှန်းအိမ် ပိုးထည်' နှင့် 'Shwe Loom Aim ပိုးထည်တိုက်' ကုန်အမှတ်တံဆိပ် အမည်ဖြင့် စသားများ ပုံစံတို့ကို တုပပြုလုပ်ပြီး ၂၀၁၂ ခုနှစ်မှစ၍ စစ်ကိုင်းမြို့ အပါအဝင် အခြားနယ်များသို့ ဖြန့်ဖြူး ရောင်းချနေသည်ကို သိရှိရကြောင်းများ တင်ပြထားသည်

တရားလိုများ၏ တရားလွှတ်တော်ရှေ့နေကြီးက တရားလိုဖက်မှ တောင်းဆိုသော သက်သာခွင့် ရထိုက်ကြောင်း ဦးကျော်နှင့် ဦးဘအေး စီရင်ထုံး (၁၉၆၂ ခုနှစ် ရုံးချုပ်စာ-၁၈၇)၊ ဦးတင်လတ်(ခ) ဦးစိုးလတ်ပါ(၂) နှင့် ဦးကျော်ငြိမ်းစီရင်ထုံး (၂၀၀၁ BLR(FB) စာ ၂၁၁၆)၊ ဒေါ်ရှန်စုနှင့် အီစီမတား စီရင်ထုံး(၁၉၅၂- လွှတ်တော်စာ-၁၃၆)၊ ကိုမောင်ငွေနှင့် မစ္စတာဘီလားလ်စီရင်ထုံး (၁၉၆၂-ရုံးချုပ် စာ-၉၃)၊ ဦးချစ်ဆွေနှင့် မသန်း စီရင်ထုံး (၁၉၅၈ တရားလွှတ်တော် စာ-၃၇၇)၊ ဝိုင်အေများပါ-၂နှင့် ဒီအီဘိုင်များ စီရင်ထုံး (၁၉၈၇ BLR စာ-၈၃) တို့အား ကိုးကား လျှောက်လဲသည်၊

တရားပြိုင်များ၏ တရားလွှတ်တော်ရှေ့နေကြီးက တရားလိုဖက်မှ တောင်းဆိုသော သက်သာခွင့် မရထိုက်ကြောင်း အမှုအား စရိတ်နှင့်တကွ ပလပ်သင့်ကြောင်းများအား ဒေါ်သက်ပုနှင့် ဆရာခင် စီရင်ထုံး (၁၉၅၂ ခုနှစ် ဘီအယ်အာ-အိပ်ချ်စီ စာ၂၄၅၊ ဦးတင်စိုး(ခ) ဦးမောင်ဦးနှင့် ဦးသောင်းထွန်း အမှု (၁၉၉၄ခုနှစ် တရားမ အထွေထွေလျှောက်လွှာ(အထူး) အမှတ်-၂၄၂ (နှစ်ပါးထိုင်) ၉-၃-၉၅)၊ ဦးကျော်နှင့် ဦးဘအေး စီရင်ထုံး (၁၉၆၂ ခုနှစ် ရုံးချုပ်စာ-၁၈၇)၊ ဦးဇော်မင်းမြင့်ပါ(၂)နှင့် ဦးတင်မောင်အေး ပါ-၂ စီရင်ထုံး (၂၀၀၁/၁၈၆ အထူး)၊ ဂျော်နီဝါကားနှင့် သားများ လီမီတက်နှင့် ဦးသန်းရွှေ စီရင်ထုံး (၁၉၆၈၊ မတစ စာ-၇၃)၊တို့အား ကိုးကားလျှောက်လဲသည်။

တရားလိုများနှင့် တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်တို့မှာ 'ရွှေလွှန်းအိမ်' ဟူသော အမည်အား အဓိကထား၍ အမှတ်တံဆိပ်ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပြီး စစ်ကိုင်းမြို့က ထုတ်လုပ်သော ကုန်အမှတ်တံဆိပ်နှင့် အမရပူရမြို့က ထုတ်လုပ်သော ကုန်အမှတ်တံဆိပ်များ ဖြစ်ကြသည်ကို တွေ့ရသည်။

တရားလိုဖက်မှ ကုန်အမှတ်တံဆိပ်တွင် အညိုရောင်ဖြစ်ပြီး ရွှေလွှန်းအိမ် အမှတ်တံဆိပ်ကို ၎င်းအညိုရောင်ပေါ်တွင် ရိုက်နှိပ်၍ ရွှေလွှန်းအိမ်အမည်စာလုံးကြီးဖြင့် ဖော်ပြထားပြီး ဘယ်ဖက်အပေါ်တွင် ယက္ကန်းလွန်းအိမ်နှင့် အဖြူရောင်စာလုံး စစ်ကိုင်း ရွှေလွှန်းအိမ်စာလုံး၏ အောက်ဖက်တွင် အဖြူရောင်ဖြင့် ပိုးထည်တိုက်(ပင်ရင်း) ၎င်းအောက်တွင် ပွဲတက်ဝတ်စုံ၊ ချိတ်အမျိုးမျိုး၊ ပွဲတက် ကျားဝတ် ပိုးပုဆိုးအမျိုးမျိုး ပိုးစစ်ချိတ် ပိုးဖဲချိတ် ပိုးယုံချိတ် ချီယုံချိတ် လက်လီ လက္ကား အရောင်းဆိုင် ပင်ရင်းဌာန၊ ကိုခင်မောင်တင့် + မမော်စု၊ လွန်းရာကျော် ပိုးစစ်အချိတ်၊ နန်းဦးမြို့သစ်အရှေ့ပိုင်း စစ်ကိုင်းမြို့ ဆင်များရှင်ဘုရား မြောက်ဘက် ပန်းဘဲတန်းရပ် စစ်ကိုင်းမြို့နှင့် (ဖုန်းနံပါတ်များပါရှိ ) ဖော်ပြထားပြီး စစ်ကိုင်းမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားလို

တာဝန်ခံမိတ္တူမှန်
မိတ္တူကူးစာရေး

ဦးခင်မောင်တင့် အမည်ဖြင့် ၇-၄-၂၀၁၁ နေ့၌ လည်းကောင်း မန္တလေးမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၈-၁၁-၂၀၁၁ နေ့စွဲဖြင့်လည်းကောင်း မှတ်ပုံတင်ထားသည်ကို တွေ့ရပြီး သက်သေခံ(င)တွင် မင်းသမီး(နန်းဝတ်)အဝတ်အစားဝတ် အမျိုးသမီးတစ်ဦးပုံဖြင့် ၂၀၀၇-၂၀၀၈ ကတည်းကပင် အများသိရန် စစ်ကိုင်းမြို့တွင် ကြေငြာဆိုင်းဘုတ် ပြုလုပ်ထားကြောင်း တင်ပြထားပြီး ရွှေလွန်းအိမ်၏ လေးထပ်တိုက် အဆောက်အဦးပုံဖြင့်လည်း ကြော်ငြာထားသည်ကို တွေ့ရသည်။

တရားပြိုင်များကလည်း အဖြူရောင် နောက်ခံပေါ်တွင် 'ရွှေလွန်းအိမ်' စာလုံးအား ပုံနှိပ်စာလုံးအကြီးဖြင့် ဖော်ပြထားပြီး၃-တရားပြိုင် ဒေါ်ထိုက်ရွှေဇင် အမည်ဖြင့် ၃-၉-၂၀၁၀ နေ့တွင်လည်းကောင်း အဖြူရောင်အောက်ခံပေါ်တွင် SLA ဆိုလို တံဆိပ်အောက်တွင် 'Shwe Loom Aim' ပိုးထည်တိုက် ဟု ၁၇-၉-၂၀၁၂ နေ့တွင်လည်းကောင်း မန္တလေးမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင်လည်းကောင်း မှတ်ပုံတင်ထားသည်ကို တွေ့ရပြီး မင်းသမီး(နန်းဝတ်) အဝတ်အစားဝတ် အမျိုးသမီးတစ်ဦးပုံများဖြင့်လည်းကောင်း ဖက်ရှင်အမျိုးမျိုးဝတ် အမျိုးသမီးပုံများဖြင့်လည်းကောင်း မဂ္ဂဇင်းကြော်ငြာများတွင်လည်းကောင်း ကြော်ငြာထားသည်ကိုတွေ့ရသည်။

**ဦးမောင်မောင်(ခ) အလီဘိုင်နှင့် ဒေါ်ခင်သန်းမြင့် စီရင်ထုံး**[၁] တွင် 'ကုန်အမှတ်တံဆိပ်ကို အတုပြုလုပ်ရာ၌ ကုန်အမှတ်တံဆိပ် အချင်းချင်းသည် ထပ်တူ ထပ်မျှ တူညီရန် မလို၊ တံဆိပ်နှစ်ခုကို ယှဉ်ပြိုင်ကြည့်ရှုလျှင် အနည်းငယ် ကွဲပြားချက်များရှိသော်လည်း တစ်ခုနှစ်တစ်ခု ဆင်တူရိုးမှားဖြစ်လောက်အောင် တူညီမှုရှိလျှင် အတုပြုလုပ်ခြင်းဖြစ်မြောက်သည်၊ အခင်းဖြစ် တံဆိပ်နှစ်ခုကို ကြည့်လျှင် များစွာ တူညီသဖြင့် သာမန်လူများ မှားယွင်းရန် အကြောင်းရှိသည်ဟု ဆိုရပေမည်' ဟု ထုံးပြုထားသည်။

အထက်ပါ စီရင်ထုံးတွင် 'စိန်ပန်းခိုင်- မော်လမြိုင်' ခေါ် ဟင်းမွှေးမဆလာအမှတ် တံဆိပ်ကို လျှောက်ထားခံရသူက 'စိန်ပန်းနှစ်ခိုင်- ပဲခူးမြို့' ခေါ် ဟင်းမွှေးမဆလာ ကုန်အမှတ်တံဆိပ်ဖြင့် အတုပြုလုပ် ရောင်းချနေသောကြောင့် လျှောက်ထား ခံရသူ၏ ကုန်အမှတ်တံဆိပ်ကို အသုံးပြုခြင်းမှ ထာဝစဉ် တားမြစ်အမိန့် ဒီကရီတစ်ရပ်ကို ချမှတ်ပေးပါရန် တရားစွဲဆိုသောအမှုဖြစ်ပြီး တံဆိပ်နှစ်ခု အမည်များမှာ အထက်ပါအတိုင်း အနည်းငယ် ကွဲလွဲနေသော်လည်း မှားယွင်းရန် အကြောင်းရှိကြောင်း ထုံးပြုထားသည်ကို တွေ့ရသည်။

ကုန်တံဆိပ်အတုဟုတ် အသုံးပြုခြင်းဟုတ်မဟုတ်မှာ ယင်းတံဆိပ်ပါရှိသော ကုန်ပစ္စည်းကို ဝယ်ယူသုံးစွဲသူများက ထင်ယော်ထင်မှား ဖြစ်မဖြစ်အပေါ်တွင် မူတည်သည်၊ ကုန်အမှတ်တံဆိပ်အတုနှင့် ကုန်အမှတ်တံဆိပ် အမှန် ထပ်တူ ထပ်မျှတူညီရန် မလို၊ သာမန်ပြည်သူတို့အနေဖြင့် သုံးစွဲနေကျ ပစ္စည်းကို မှားယွင်းသုံးစွဲမိရန် အကြောင်းရှိ မရှိဆိုသော အချက်ကို အဓိက ဆန်းစစ်ရမည်ဖြစ်သည်။ ကုန်အမှတ်တံဆိပ်တစ်ခုကို အခြားသူတစ်ဦး၏ ကုန်အမှတ်တံဆိပ်ဟု ယုံကြည်စေရန် ပြခြင်းသည် ကုန်အမှတ်တံဆိပ်ပါရှိသော ကုန်ပစ္စည်းကို ဝယ်ယူသုံးစွဲသူများက ထင်ရောင်ထင်မှား ဖြစ်မဖြစ် အပေါ်တွင် မူတည်သည်၊

ဦးသိန်းခိုင်(လိုပြ-၁)က ရွှေလွန်းအိမ်အမည်ဖြင့် အမရပူရမြို့တွင် ပိုးထည်လုပ်ငန်းကို တွေ့သဖြင့် ဒေါ်မော်စုအား အမရပူရမြို့တွင် ဆွေမျိုးများကို ရွှေလွန်းအိမ်အမည်ဖြင့် ခွဲပြီး ရောင်းချနေသလားဟု မေးမြန်းဖူးပါသည် ထွက်ဆိုထားပြီး အလားတူပင် ဒေါ်ရင်အေး (လိုပြ-၂)မချိုဝင်း(လိုပြ-၄)၊ ဦးကျော်ကျော်(ခ) ဦးမျိုးမြင့်အောင်(လိုပြ-၅) ကလည်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

နှစ်ဖက် တင်ပြထားသည့် ပုံများ ကြော်ငြာများကို နှိုင်းယှဉ်ကြည့်ပါက အမျိုးသမီးများ၏ပုံမှာ အရောင်အသွေး အမျိုးမျိုးဖြစ်ကြသော်လည်း 'ရွှေလွန်းအိမ်' အမည်ဖြင့် ရောင်းချခြင်းဖြစ်ရာ အဆိုပါ ကုန်စည်တံဆိပ်များမှာ သာမန် အများပြည်သူများအနေဖြင့် မှားယွင်းဝယ်ယူနိုင်သည့် အနေအထားဖြစ်နေသည်ကို တွေ့ရသည်။

ယခုအမှုတွင် 'ရွှေလွန်းအိမ် ပိုးထည်' ဆိုသည်မှာ တူညီနေပြီး အထက်ပါအတိုင်း လိုပြ သက်သေများကလည်း တရားပြိုင်များ၏ ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အထင်မှားပြီး

တာဝန်ခံမိတ္တူမှန်
မိတ္တူကူးစာရေး
ဒုတိယညွှန်ကြားရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

မေးမြန်းခဲ့ကြောင်း ထွက်ဆိုချက်များ ရှိနေသည်ကို တွေ့ရသည်။ ၎င်းအပြင် အမရပူရ ရွှေလွန်းအိမ်က ၎င်း၏ကုန်အမှတ်တံဆိပ် အမည်ကို စစ်ကိုင်းရွှေလွန်းအိမ်နှင့် အမည်တူနေသဖြင့် စစ်ကိုင်းမြို့နယ် တရားရုံးတွင် ယခုအမှုတရားလိုအပေါ် တရားစွဲဆိုထားကြောင်း ၁-တရားလို ဦးခင်မောင်တင့်အား ပြန်လှန်မေးထားသည်ကိုလည်း တွေ့ရသည်။

ထို့ကြောင့် ငြင်းချက်အမှတ်(၁)အား တရားပြိုင်တို့၏ 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်သည် တရားလိုတို့၏ ပိုးစစ် လွန်းရာကျော် ချိတ်လုပ်ငန်း 'ရွှေလွန်းအိမ်' ပိုးထည် ကုန်အမှတ်တံဆိပ်နှင့် ကွဲပြားခြားနားသည်ဆိုသည်မှာ မမှန်ဘဲ တရားပြိုင်တို့သည် တရားလိုတို့၏ ပိုးစစ်လွန်းရာကျော် ချိတ်လုံချည် ထုတ်လုပ်ရေး လုပ်ငန်းတွင် 'ရွှေလွန်းအိမ်' အမည်ဖြင့် ထုတ်လုပ်သော 'ရွှေလွန်းအိမ်' ပိုးထည် ကုန်အမှတ်တံဆိပ်ကို အများပြည်သူက မှားယွင်း အသုံးပြုနိုင်လောက်အောင် ဆင်တူရိုးမှား တုပ အတု ထုတ်လုပ် အသုံးပြုနေသည်မှာ မှန်သည်ဟု ဖြေဆိုလိုက်သည်။

**ငြင်းချက်အမှတ်(၂)**

တရားလိုဖက်မှ ရွှေလွန်းအိမ် အမှတ်တံဆိပ်ကို ၎င်းအညိုရောင်ပေါ်တွင် ရိုက်နှိပ်၍ ရွှေလွန်းအိမ် အမည်စာလုံးကြီးဖြင့် ဖော်ပြထားပြီး ဘယ်ဖက်အပေါ်တွင် ယက္ကန်းလွန်းအိမ်နှင့် အဖြူရောင်စာလုံး စစ်ကိုင်း ရွှေလွန်းအိမ်စာလုံး၏ အောက်ဖက်တွင် အဖြူရောင်ဖြင့် ပိုးထည်တိုက်(ပင်ရင်း) ၎င်းအောက်တွင် ပွဲတက်ဝတ်စုံ ချိတ်အမျိုးမျိုး၊ ပွဲတက် ကျားဝတ် ပိုးပုဆိုးအမျိုးမျိုး ပိုးစစ်ချိတ် ပိုးဖဲချိတ် ပိုးယုံချိတ် ချီယုံချိတ် လက်လီ လက္ကား အရောင်းဆိုင် ပင်ရင်းဌာန၊ ကိုခင်မောင်တင့် + မမော်စု၊ လွန်းရာကျော် ပိုးစစ်အချိတ်၊ နန်းဦးမြို့သစ်အရှေ့ပိုင်း စစ်ကိုင်းမြို့ ဆင်များရှင်ဘုရား မြောက်ဘက် ပန်းဘဲတန်းရပ် စစ်ကိုင်းမြို့နှင့် (ဖုန်းနံပါတ်များပါရှိ) ဖော်ပြထားပြီး စစ်ကိုင်းမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် တရားလို ဦးခင်မောင်တင့် အမည်ဖြင့် ၇-၄-၂၀၁၁ နေ့၌ လည်းကောင်း မန္တလေးမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် ၂၈-၁၁-၂၀၁၁ နေ့စွဲဖြင့်လည်းကောင်း မှတ်ပုံတင်ထားသည်ကို သက်သေခံ(ဂ)နှင့် (ဃ) တို့တွင် တွေ့ရပြီး၊

တရားပြိုင်များကလည်း အဖြူရောင် နောက်ခံပေါ်တွင် 'ရွှေလွန်းအိမ်' စာလုံးအား ပုံနှိပ်စာလုံး အကြီးဖြင့် ဖော်ပြထားပြီး ၃-တရားပြိုင် ဒေါ်ထိုက်ရွှေဇင် အမည်ဖြင့် ၃-၉-၂၀၁၀ နေ့တွင်လည်းကောင်း အဖြူရောင်အောက်ခံပေါ်တွင် SLA ဆိုလို တံဆိပ်အောက်တွင် 'Shwe Loom Aim' ပိုးထည်တိုက် ဟု ၇-၉-၂၀၁၂ နေ့တွင်လည်းကောင်း မန္တလေးမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထားသည်ကို သက်သေခံအမှတ်(၂)နှင့် (၁)တို့အရ တွေ့ရသည်။

ထို့ကြောင့် တရားပြိုင်တို့သည် 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်ကို တရားလိုများ၏ မှတ်ပုံတင် ခုနှစ်ထက်စောပြီး တရားဝင် မှတ်ပုံတင်ခဲ့ခြင်း ဖြစ်သည်ဆိုသည်မှာ မှန်သည်ဟု ငြင်းချက် အမှတ်(၂)အား ဖြေဆိုလိုက်သည်။

**ငြင်းချက်အမှတ်(၃)**

ငြင်းချက်အမှတ်(၁)တွင် တရားပြိုင်တို့သည် တရားလိုတို့၏ ပိုးစစ်လွန်းရာကျော် ချိတ်လုံချည် ထုတ်လုပ်ရေး လုပ်ငန်းတွင် 'ရွှေလွန်းအိမ်' အမည်ဖြင့် ထုတ်လုပ်သော 'ရွှေလွန်းအိမ်' ပိုးထည် ကုန်အမှတ် တံဆိပ်ကို အများပြည်သူက မှားယွင်း အသုံးပြုနိုင်လောက်အောင် ဆင်တူရိုးမှား တုပ အတု ထုတ်လုပ် အသုံးပြုနေသည်မှာ မှန်သည်ဟု ဖြေဆိုထားပြီးဖြစ်ရာ ထိုသို့ ထုတ်လုပ်အသုံးပြုနေသဖြင့် တရားလိုတို့၏ စီးပွါးရေးလုပ်ငန်းအား ထိခိုက်နစ်နာမှု ရှိမရှိ သုံးသပ်ရန်ဖြစ်သည်၊

တရားလို၏ အဆိုလွှာတွင် အပိုဒ်(၇)တွင် တရားပြိုင်များမှ တရားလိုများ၏ ကုန်အမှတ် တံဆိပ် နာမည်အား တုပ၍ ဈေးလျှော့ရောင်းချသည့်အတွက် တရားလိုများတွင် ရောင်းအား ကျဆင်းခြင်း ဈေးကွက်ပျက်ပြားခြင်း နစ်နာမှုအတွက် သိန်း(၁၀၀)ကျပ် နစ်နာကြေး ရထိုက်ကြောင်း ဖော်ပြထားသည်။

---

(၁) ၁၉၇၅ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ-၄ ပုံ ၈ ၈ ၉

မိတ္တူမှန်ကူးစာရေး

တရားပြိုင်များဖက်မှတင်ပြသော ချေလွှာများ ထွက်ဆိုချက်များ ပြန်လှန်မေးမြန်းချက်များ အရပင် ရွှေလွန်းအိမ်အမည်ဖြင့် အထည်များ ရောင်းချခဲ့ကြောင်း ပေါ်ပေါက်နေရာ ထိုသို့ တရားလိုတို့၏ ရွှေလွန်းအိမ် အမည်ဖြင့် ဆင်တူသည့် အမှတ်တံဆိပ်ဖြင့် ရောင်းချခြင်းဖြင့် တရားလိုတို့၏ အဆိုပါ စီးပွါးရေးလုပ်ငန်းမှာ နစ်နာမှုရှိနိုင်သည်မှာ မြင်သာနေသည်။

**ဦးတင်လတ်(ခ) ဦးစိုင်းလတ်ပါ(၂)နှင့် ဦးကျော်ငြိမ်း စီရင်ထုံး**[၂] တွင် တရားပြိုင်သည် တရားလိုတို့ထုတ်လုပ် ရောင်းချသည့် ဆေးသနပ်ခါးနှင့် မျိုးတူ သနပ်ခါးများကို တရားလိုတို့ သုံးစွဲသည့် ကုန်အမှတ်တံဆိပ်နှင့် ထပ်တူ ယိုးမှားဖြစ်သော ကုန်အမှတ်ဖြင့် ထုတ်လုပ်ရောင်းချပါက တရားလိုတို့တွင် နစ်နာဆုံးရှုံးမှုဖြစ်မည်မှာ မြင်သာသည့်အချက်ဖြစ်ပေသည် ဟု ထုံးပြုထားသည်။

ထို့ကြောင့် ငြင်းချက်အမှတ်(၃)အား တရားပြိုင်တို့က တရားလိုတို့၏ 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ် တံဆိပ်ကိုတုပ ထုတ်လုပ် အသုံးပြုနေသဖြင့် တရားလိုတို့၏ စီးပွါးရေး လုပ်ငန်း ထိခိုက်နစ်နာ ရသည်မှာ မှန်သည်ဟု ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ်(၄)

အထက်ပါ ငြင်းချက်အမှတ်(၂)တွင်-

တရားပြိုင်တို့သည် 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ်တံဆိပ်ကို တရားလိုများ၏ မှတ်ပုံတင် ခုနှစ်ထက်စောပြီး တရားဝင် မှတ်ပုံတင်ခဲ့ခြင်း ဖြစ်သည်ဆိုသည်မှာ မှန်သည်ဟု ငြင်းချက် အမှတ်(၂)အား ဖြေဆိုထားရာ ကွဲပြားခြားနားသည့် အမှတ်အသားတစ်ခုခုကို မိမိတစ်ဦးတည်း ကိုယ်ပိုင်အဖြစ် စတင် သုံးစွဲခြင်းအားဖြင့် ယင်းကုန်အမှတ်တံဆိပ်၏ ပိုင်ဆိုင်မှု အခွင့်အရေးကို သုံးစွဲသူ ရရှိခြင်းဖြစ်သည်၊ မှတ်ပုံတင်ခြင်းဖြင့် ပိုင်ဆိုင်မှုရရှိခြင်းမဟုတ်ဘဲ မှတ်ပုံတင်သည့် နေ့မှ စတင်သုံးစွဲသည် ဆိုသော အချက်ကို အထောက်အကူဖြစ်စေမည် ဖြစ်သည်။ သို့ဖြစ်ရာ (၃)တရားပြိုင် ဒေါ်ထိုက်ရွှေစင် အမည်ဖြင့် မန္တလေးမြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သည့် ၃-၉-၂၀၁၀ နေ့တွင် ယင်းတံဆိပ်ဖြင့် အသုံးပြုကြောင်း ခိုင်လုံသည့် အထောက်အထား သက်သေခံချက် ဖြစ်သည်။

တရားပြိုင်ဖက်မှ စက်မှုဝန်ကြီးဌာန၏ ၂၈-၂-၂၀၀၁ ရက်စွဲပါ စက်မှုလက်မှု လုပ်ငန်းမှတ်ပုံတင် လက်မှတ် (သက်သေခံ-၅)၊ အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၈-၁-၂၀၀၂ ရက်စွဲပါ စက်ယက္ကန်း လိုင်စင် ပုံစံ (သက်သေခံ-၆) ပြည်တွင်း အခွန်ဦးစီးဌာန၏ ၁၆-၈-၂၀၀၄ နေ့စွဲပါ လက်မှတ် (သက်သေခံ-၁၀)စသည်ဖြင့် သက်သေခံ(၁၄) အထိတင်ပြခဲ့သည့် စာရွက်စာတမ်းများတွင် 'ရွှေလွန်းအိမ် ပိုးထည်လုပ်ငန်း' ဟု ဖော်ပြထားခြင်းမရှိဘဲ 'စက်ယက္ကန်း လုပ်ငန်း' ဟုသာဖော်ပြထားပြီး လုပ်ကိုင်သူ အမည်မှာလည်း ဦးအေးကြွယ်ဖြစ်နေသည်ကို တွေ့ရသည်၊ အမရပူရမြို့နယ် ပြည်တွင်းအခွန်များ ဦးစီး ဌာန၏ ၂၆-၅-၂၀၀၅ နေ့စွဲပါ ထုတ်လုပ်သူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်သူအား မှတ်ပုံတင် ခွင့်ပြုကြောင်း ထုတ်ပေးသည့် လက်မှတ် (သက်သေခံ-၁၅)တွင်မူ ထုတ်လုပ်သူ အမည် ဒေါ်ထိုက်ရွှေစင် ထုတ်လုပ်သည့် လုပ်ငန်း ရွှေလွန်းအိမ် ပိုးထည်စက်ယက္ကန်းဟု ဖော်ပြထားသည်ကိုတွေ့ရသည်၊ မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီ၏ ၃-၁၀-၂၀၁၄ နေ့တွင် ထုတ်ပေးသည့် လိုင်စင်အရ 'ရွှေလွန်းအိမ် ပိုးထည်ရောင်း' ဟု ဖော်ပြထားသည်ကို တွေ့ရသည်၊ အလားတူပင် ၄-၅-၂၀၁၆ နေ့စွဲပါ လိုင်စင် (သက်သေခံ-၁၇)တွင်လည်း 'ရွှေလွန်းအိမ် ပိုးထည်ချည်ထည်ရောင်း' ဟုလည်းကောင်း ၁၁-၉-၂၀၁၅ နေ့စွဲပါ အခွန်ပြေစာများ သက်သေခံ(၁၈)၊ (၁၉) တို့တွင်လည်း ဦးအေးကြွယ် (သမီး) ထိုက်ရွှေစင် ရွှေလွန်းအိမ်ပိုးထည် ဟုလည်းကောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

'ရွှေလွန်းအိမ်' အမည်ဖြင့် ၃-တရားပြိုင် ဒေါ်ထိုက်ရွှေဇင်က ၃-၉-၂၀၁၀ နေ့တွင်လည်းကောင်း အဖြူရောင်အောက်ခံပေါ်တွင် SLA ဆိုလို တံဆိပ်အောက်တွင် 'Shwe Loom Aim' ပိုးထည်တိုက် ဟု ၇-၉-၂၀၁၂ နေ့တွင်လည်းကောင်း မန္တလေးမြို့ မြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ထား

---

တ၁ဝန်ခံမိတ္တူမှန် (၂) ၂၀၀၁ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၂ ၅၄၄ ၄

သည်ကို သက်သေခံအမှတ်(၂)နှင့် (၁)တို့အရ တွေ့ရရာ ရွှေလွန်းအိမ်အမည်ဖြင့် စတင်မှတ်ပုံတင်သည့် ၃-၉-၂၀၁၀ နေ့တွင် လုပ်ကိုင်လျက်ရှိကြောင်းမှာ ထင်ရှားပြီး ထို့ထက်စောကာ တရားပြိုင်များက အဆိုပါ အမှတ်တံဆိပ် အမည်ဖြင့် စတင်လုပ်ကိုင် ဆောင်ရွက်ကြောင်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်သည်ကို မတွေ့ရပေ။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန မြို့နယ်ရုံး- စစ်ကိုင်းမြို့၏ ၂၁-၁-၁၉၉၇ ရက်နေ့ ရက်စွဲပါ စာအမှတ် ၁၈/စကာ-ဥပဒေ(၀၅၈)ဆစ/၉၄ တွင် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ရန်ကိစ္စ ဟူသော အကြောင်းအရာဖြင့် ပေးပို့သည့်စာ (သက်သေခံ-က)တွင် ဒေါ်မော်စု (ပိုင်ရှင်) ရွှေလွန်းအိမ် လွန်း ရုံကျော်အချိတ် ယက္ကန်း မြို့သစ်ရပ်- စစ်ကိုင်းမြို့ဟု ဖော်ပြထားရာ 'ရွှေလွန်းအိမ်' ဟူသော အမည်ဖြင့် တရားလိုတို့က ၂၁-၁-၁၉၉၇ နေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမား ဥပဒေ စစ်ဆေးရေး ဦးစီးဌာန မြို့နယ်ရုံး- စစ်ကိုင်းမြို့တွင် အမည်ပေါက် လုပ်ကိုင်နေကြောင်း တရားလိုထွက်ဆိုချက်အား ထောက်ခံသည့် ခိုင်လုံသည့် အထောက်အထား တစ်ရပ် ဖြစ်နေသည်ကို တွေ့ရသည်။ နှစ်ဖက် နှုတ်သက်သေခံချက်များ အပြိုင်ဖြစ်နေသည့် အနေအထားတွင် ခိုင်လုံသည့် အထောက်အထား သက်သေခံချက်ကို အလေးထားသင့်သည်။

တရားလိုတို့သည် 'ရွှေလွန်းအိမ်'အမည်ဖြင့် ၂၁-၁-၁၉၉၇ နေ့တွင် လုပ်ကိုင်နေကြောင်းမှာ ထင်ရှား ပေါ်ပေါက်နေပြီး တရားပြိုင်များသည် တရားလိုတို့ထက် စောကာ အဆိုပါ အမှတ် တံဆိပ်အား အသုံးပြုခဲ့ကြောင်း နှုတ်သက်သေခံချက်မှလွဲ၍ ခိုင်လုံသည့် အထောက်အထား သက်သေခံချက် တင်ပြနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တရားလိုတို့သည့် ကွဲပြားခြားနားသည့် အမှတ်အသား (ရွှေလွန်းအိမ်) ကို မိမိတစ်ဦးတည်း ကိုယ်ပိုင်အဖြစ်ဖြင့် စတင်သုံးစွဲခြင်းအားဖြင့် ယင်းကုန်အမှတ်တံဆိပ်၏ ပိုင်ဆိုင်မှု အခွင့်အရေးကို ရရှိနေမည် ဖြစ်သည်။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၅၄ တွင်-

ဤအခန်းတွင် ပါရှိသော သို့မဟုတ် ရည်ညွှန်းသော အခြားပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ လျှောက်ထားသူအကျိုးငှာ အတိအလင်းဖြစ်စေ သဘောသက်ရောက်ချက်အရဖြစ်စေ ရှိသော တာဝန်ဖောက်ဖျက်ခြင်းကို တားဆီးပိတ်ပင်ရန် ထာဝရတားဝရမ်းကို ခွင့်ပြုနိုင်သည်၊

ပဋိညာဉ်အရ တာဝန်ဖြစ်လျှင် တရားရုံးသည် ဤအက်ဥပဒေ အခန်း ၂ ပါ ဥပဒေသများနှင့် ပြဋ္ဌာန်းချက်များကို လိုက်နာရမည်၊

တရားပြိုင်သည် ပစ္စည်း၌ တရားလို၏ အခွင့်အရေးကိုဖြစ်စေ တရားလို၏ ပစ္စည်း ခံစားခွင့်ကိုဖြစ်စေ ထိပါးလျှင်သော်လည်းကောင်း ထိပါးရန် ခြိမ်းခြောက်လျှင်သော်လည်းကောင်း တရားရုံးသည် အောက်ပါကိစ္စရပ်များတွင် ထာဝရ တားဝရမ်း ခွင့်ပြုနိုင်သည်-

(က) တရားပြိုင်သည် တရားလိုအတွက် ပစ္စည်းကို ယုံကြည်အပ်နှံခံရသူဖြစ်ခြင်း

(ခ) ထိပါးခြင်းကြောင့်ဖြစ်စေသော သို့မဟုတ် ဖြစ်စေတန်ရာသော အမှန်တကယ် ပျက်စီး နစ်နာမှုကို သိသာစေသည့် စံနှုန်းမရှိခြင်း

(ဂ) ငွေကြေးပေးလျော်စေခြင်းသည် လုံလောက်သော သက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှု ဖြစ်ခြင်း

(ဃ) ထိပါးခြင်းအတွက် ငွေကြေးဖြင့် လျော်ကြေးရနိုင်ဖွယ်ရာမရှိခြင်း

(င) တရားစီရင်သော မှုခင်းများ ပွါးများခြင်းကိုပိတ်ပင်ရန်အလို့ငှာ တားဝရမ်းထုတ်ဆင့်ရန် လိုအပ်ခြင်း ဟု ပြဋ္ဌာန်းထားပြီး

ယင်းပုဒ်မ၏ ဥပမာ (ဗ)တွင်-

- ဦးဖြူသည် ဦးမဲ၏ ကုန်အမှတ်တံဆိပ်ကို မတော်မတရားသုံးစွဲ၍ ဦးမဲသည်

ထိုကုန်အမှတ် တံဆိပ်ကို ရိုးသားစွာ အသုံးပြုလျက်ရှိလျှင် ဦးမဲသည် ထိုသို့ အသုံးပြုခြင်းကို တားဆီးသည့် တားဝရမ်း ရနိုင်သည်ဟု ဖော်ပြထားသည်၊

ယခုအမှုတွင်လည်း တရားလိုတို့ စတင်အသုံးပြုနေသော 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ် တံဆိပ်ကို တရားပြိုင်များက တုပ ထုတ်လုပ် အသုံးပြုနေသဖြင့် ငွေကြေး ပေးလျော်စေခြင်း သို့ဖြစ်၍ ရုံးလော်ကသော သက်သာခွင့်ဖြစ်မည်မဟုတ်သော ထိပါးမှု ဖြစ်နေသဖြင့် ထိုသို့ မပြုလုပ်ရန် တရားလိုများတွင် ထာဝရ တားဝရမ်း ရရှိထိုက်ပေသည်။

ငြင်းချက်အမှတ်(၃)တွင် တရားပြိုင်တို့က တရားလိုတို့၏ 'ရွှေလွန်းအိမ်' ပိုးထည်လုပ်ငန်း ကုန်အမှတ် တံဆိပ်ကိုတုပ ထုတ်လုပ် အသုံးပြုနေသဖြင့် တရားလိုတို့၏ စီးပွါးရေးလုပ်ငန်း ထိခိုက်နစ်နာရသည်မှာ မှန်သည်ဟု ဖြေဆိုခဲ့သည်၊ သို့ရာတွင် တရားလိုများ၏ ရောင်းကုန်ပစ္စည်းရွှေလွန်းအိမ် ပိုးထည်များအား တရားပြိုင်များက ရွှေလွန်းအိမ် အမည်ဖြင့်ပင် ထုတ်လုပ်ပြီး ဈေးလျှော့ရောင်းချခဲ့သဖြင့် တရားလိုတို့တွင် အထိုက်အလျောက် နစ်နာမှု ရှိနိုင်သည်ဆိုသော်လည်း တရားပြိုင်များက မည်သို့ ပြုလုပ်မှုကြောင့် တရားလိုက တစ်နေ့လျှင် သို့မဟုတ် တစ်လလျှင် အထည်ပစ္စည်း မည်မျှ ထုတ်လုပ် ရောင်းချရာမှ မည်မျှထိ ရောင်းအားကျဆင်းသွားကြောင်း စာရင်းဇယားများဖြင့် မည်သို့ နစ်နာခဲ့ကြောင်းကို တရားလိုများ ဖက်မှ ဂဃနဏ တင်ပြနိုင်ခဲ့သည်ကို မတွေ့ရပေ။ တရားလိုတို့က တရားပြိုင်များမှ တရားလိုများ၏ ကုန်အမှတ်တံဆိပ် နာမည်အား တုပ၍ ဈေးလျှော့ ရောင်းချသည့်အတွက် တရားလိုများတွင် ရောင်းအား ကျဆင်းခြင်း ဈေးကွက်ပျက်ပြားခြင်း နစ်နာမှုအတွက် သိန်း(၁၀၀)ကျပ် နစ်နာကြေး ရထိုက်ကြောင်း တင်ထားသော်လည်း ယင်းသို့ သိန်း(၁၀၀) နစ်နာကြေး ရထိုက်ကြောင်း တွက်ချက်မှုများနှင့်တကွ တင်ပြနိုင်မှု မရှိသဖြင့် ယင်းအချက်အား သက်သေပြရန် တာဝန်သည် သက်သေခံ ဥပဒေပုဒ်မ ၁၀၃ အရ တရားလိုအပေါ်တွင် ကျရောက်နေသည်။ ထို့ကြောင့် တရားလိုများတောင်းဆိုသည့် နစ်နာကြေးငွေအားအပြည့်အဝ ပေးစေက သင့်မည် မဟုတ်ပေ။

ထို့ကြောင့် ငြင်းချက်အမှတ်(၄)အား တရားပြိုင်များထံမှ ထာဝရဟားရမ်း နှင့် နစ်နာကြေးငွေအား ရထိုက်ခွင့်ရှိကြောင်း ဖြေဆိုလိုက်သည်။

ငြင်းချက်အမှတ်(၅)

ငြင်းချက်အမှတ်(၁)(၃)(၄)တို့တွင် တရားလိုများအား အသာပေး ဖြေဆိုထားပြီးဖြစ်ရာ တရားလိုများ တောင်းဆိုသည့် ရွှေလွန်းအိမ် ကုန်အမှတ် တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ် တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်အတွက် ထာဝရတားဝရမ်းနှင့် နစ်နာကြေးငွေ သိန်း(၁၀၀) ရလိုကြောင်း သက်သာခွင့် တောင်းဆိုထားခြင်းအား ရွှေလွန်းအိမ် ကုန်အမှတ် တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်း နှင့် နစ်နာကြေးငွေ သိန်း(၃၀) ရထိုက်ခွင့်ရှိကြောင်း ငြင်းချက်အမှတ်(၅)အား ဖြေဆိုလိုက်သည်။

ထို့ကြောင့် တရားပြိုင်များ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသည့် ရွှေလွန်းအိမ် ကုန်အမှတ် တံဆိပ်အား ဖျက်ဆီးပြီး ထိုကုန်အမှတ်တံဆိပ်ဖြင့် ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်အတွက် ထာဝရတားဝရမ်း ထုတ်ပေးစေရန်နှင့် နစ်နာကြေးငွေ သိန်း(၃၀)အား တရားပြိုင်များက တရားလိုသို့ ပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီ ချမှတ်လိုက်သည်။

ရှေ့နေခ ၃၀၀၀ိ သတ်မှတ်သည်။

(စောသန်းဦး)
မြို့နယ်တရားသူကြီး
အမရပူရမြို့နယ်တရားရုံး

တာဝန်ခံမိတ္တူမှန်
၂၀.၁၁.၂၀၁၉

၈